www.dhammadownload.com

ဓမ္မဒူတစာစဉ်

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A (Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကာစရိယ
မဟာဂန္ထဝါစကပဏ္ဍိတ

# အရှုံးထဲက အမြတ်

www.dhammadownload.com

ဒေါက်တာအရှင်ပညိဿရ

# အရှုံးထဲက အမြတ်

Design : Zayar

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ဥသဃရ
B.A (Myanmar), M.A(Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကာစရိယ
မဟာဂန္ထဝါစကပဏ္ဍိတ

# အချုံးထဲကအမြုတ်

ဖြန့်ချိရေး
**ဆုပြည့်စုံထွန်းစာပေ**
အမှတ် ၅၀၈/၅၁၂၊၂(ခ)၊ ပထမထပ်၊ သရဖီကွန်ဒို၊ ကုန်သည်လမ်း
(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.dhammadownload.com

# ဓမ္မဒူတ တရားတမန်

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ။
ဓမ္မဒူတ စာရေးပြု ဖတ်ကြ ကျင့်ကြစေ။
ဓမ္မဒူတ ဟောဖော်ပြု နာကြ ကျင့်ကြစေ။
ဓမ္မဒူတ တရားပြု ကျင့်ကြ ကျိုးရစေ။

www.dhammadownload.com



ဓမ္မဒူတ

# ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A(Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကာစရိယ

မဟာဂန္ထဝါစကပဏ္ဍိတ

www.dhammadownload.com

# ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ

၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်၊ ကြာသပတေး နေ့တွင် သထုံမြို့ ညောင်ဝိုင်းရပ်၌ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည် တို့မှ မွေးချင်းငါးယောက်အနက် သားဦးအဖြစ် ဖွားမြင်သည်။

သထုံမြို့၌အခြေခံပညာအထက်တန်းဖြေဆိုပြီးနောက် ၁၉၈၁ ခုနှစ်တွင် ကျေးရူးတော်ရှင် ဓမ္မဒူတ ဆရာတော် ကြီး ဘဒ္ဒန္တ ပညာဇောတ (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ) ကို ဥပဇ္ဈာယ်ပြုကာ ဆရာတော်၏ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟဖြင့် သာသနာ့ဘောင်သို့ စတင်ဝင်ရောက်သည်။

ရှင်သာမဏေဘဝမှ စတင်ကာ မွန်ပြည်နယ်၊ ဘီးလင်း မြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရတွင် ပဋိပတ္တိနှင့် တွဲဖက်ပြီး ပရိယတ္တိစာပေများကို ပထမကြီးတန်း အောင်မြင်သည်အထိ သင်ယူခဲ့သည်။ အထက်တန်းပိဋကတ်စာပေများကို မန္တလေး, ပခုက္ကူ, စစ်ကိုင်းတို့တွင် လည်းကောင်း၊ သီရိလင်္ကာ နိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်တို့တွင်လည်းကောင်း ဆက်လက် သင်ယူခဲ့သည်။

www.dhammadownload.com

၁၉၈၈ – မန္တလေးတက္ကသိုလ်မှ (B.A) ဘွဲ့၊
၁၉၈၉ – သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊
၁၉၉၀ – သာသနဓဇ ဓမ္မာစရိယဘွဲ့၊
၁၉၉၇ – သီရိလင်္ကာနိုင်ငံမှ (M.A) ဘွဲ့၊
၁၉၉၉ – သာသနဟိတ ဂဏဝါစက အာစရိယဘွဲ့၊
၂၀၀၅ – အိန္ဒိယနိုင်ငံမှ (Ph.D) ဘွဲ့
၂၀၀၆ – နိုင်ငံတော်မှ ဆက်ကပ်သော မဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဓမ္မဒူတဆရာတော်ဘုရားကြီး လွန်တော်မူချိန်မှစ၍ တောင်စွန်း ဓမ္မဒူတ တောရကျောင်းတိုက်၌ သီတင်းသုံးကာ ဂဏဝါစကနာယက ကမ္မဋ္ဌာနာစရိယ အဖြစ် တာဝန်ယူ ဆောင်ရွက်ရင်း စာပေပို့ချခြင်း၊ စာပေရေးသားခြင်း၊ တိုင်းနှင့် ပြည်နယ် အသီးသီးရှိဓမ္မဒူတ တရားစခန်းများ၊ တရားပွဲများ သို့ ကြွရောက် ဟောပြော ပြသခြင်းတို့ဖြင့် သာသနာ့တာဝန်များ ထမ်းဆောင်ပါသည်။

ယခုအခါတွင် ပဲခူးမြို့ ဆယ်မိုင်ကုန်း၊ ဟံသာဝတီ ဂေါက်ကွင်းအနီး၌ ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည် ထောင်ကာ ပြည်တွင်းပြည်ပ ယောဂီများ ချမ်းသာစွာ တရားဓမ္မ အားထုတ်ကျင့်သုံးနိုင်ရေးအတွက် သာသနိက အဆောက် အအုံများ တည်ဆောက်ကာ လစဉ်တရားစခန်းဖွင့်လှစ်ပြသ လျက် ရှိပါသည်။

www.dhammadownload.com

www.dhammadownload.com

# မရနိုင်တာကိုလိုချင်သူ

သောကကို ခြေရာခံကြည့်လျှင် အချစ်(ပိယ)မှ ဆင်းသက်ဆင့်ပွားလာခဲ့သည်ကို တွေ့ရပေမည်။ ဗုဒ္ဓ မြတ်စွာကလည်း "ပိယတော ဇာယတေ သောကော - အချစ်ကြောင့် သောကဖြစ်ပေါ်လာ၏" ဟု အတိအကျ ညွှန်းပြတော်မူခဲ့ပါသည်။ သူကိုယ်ကိုယ်ပင် ဘဝလမ်းတစ်လျှောက် သောကကင်းချင်ကြသော်လည်း ဘုရားရဟန္တာမဟုတ်သည့် ပုထုဇဉ်များသာမို့ အချစ်နှင့် မကင်းကြပါ။ ဘဝတစ်ခုပိုင်ဆိုင်ရပြီဆိုလျှင် ချစ်တတ်သော နှလုံးသားပါ အဆစ်ရထားသောကြောင့် ချစ်မိကြသည်။

မိသားစုအတွင်းမိဘနှင့်သားသမီးအချစ်ကြီးချစ်ကြသည်။ တစ်အူတုံဆင်း ညီအစ်ကိုမောင်နှမ အချင်းချင်းမို့ ချစ်ကြသည်။ အဘိုးအဘွားတို့နှင့် မြေးမြစ်များ၊ ဦးကြီး၊ ဒေါ်ကြီး၊

www.dhammadownload.com



ဦးလေး၊ ဒေါ်လေးနှင့် တူ၊ တူမများကလည်း အပြန်အလှန် အချစ်ပွားကြသည်။ အရွယ်ရောက်ပြန်တော့ သမီးရည်းစား ချစ်၊ လင်မယားချစ်တစ်မျိုးတိုးကာ ချစ်ကြသည်။ လူမှု ဆက်ဆံရေးနယ်ပယ် ကျယ်ဝန်းလာသည်နှင့် အမျှ မိတ်ဆွေ ချစ်၊ သူငယ်ချင်းချစ်၊ ဆရာချစ်၊ တပည့်ချစ်တို့ကိုလည်း မရှောင်လွှဲနိုင်ပါ။ ပိုင်ဆိုင်ထားသည့် အိုးအိမ်ကို ချစ်သည်။ ပစ္စည်းဥစ္စာကိုချစ်သည်။ ကိုယ့်မြေကိုယ့်ယာကို ချစ်သည်။ ယုတ်စွအဆုံး အိမ်မှာမွေးထားသည့် ခွေးကလေး ကြောင်က လေးများပါမကျန် ချစ်ကြသည်မို့ အချစ်များလေ သောက များလေ ဖြစ်ကြရတော့၏။

သောကသည် ပျားရည်လို မချိုမြိန်ပါ။ လူ့ဘဝ၏ အစဉ် အလာအရ ချစ်ခင်သူများ၊ ချစ်မြတ်နိုးသော အရာဝတ္ထုများ နှင့်ကွဲကွာရသောအခါ၊ သို့မဟုတ် ခွဲခွာရသောအခါတွင်အချစ် ကြီးသလောက် ဒုက္ခရောက်ရတော့၏။ သောက၏ ခါးသီးမှု ဒဏ်ကြောင့် ရူးသွပ်၊ သေကြသည် အထိ ခံစားသွားကြရသူ များကို တွေ့မြင်ကြားသိဖူးပြီးဖြစ်ပေမည်။ ထို့ကြောင့် ကိုယ်တိုင်သောကဖြစ်စရာနှင့် ကြုံချိန်တွင် ထွက်ပေါက်မပိတ် ရန် ရည်သန်၍ ဗုဒ္ဓစာပေ လာ သောကရှင်တို့ ရင်ဆိုင်လွတ် မြောက်သွားကြပုံများကို တစေ့တစောင်းတင်ပြပါမည်။

သာဝတ္ထိပြည်ရှိ သူဌေးကြီးအဒိန္နပုဗ္ဗကတို့ ဇနီးမောင်နှံ တွင် မဋ္ဌကုဏ္ဍလီအမည်ရသော သားတစ်ယောက်ရှိ၏။

www.dhammadownload.com



တစ်ဦးတည်းသောသားမို့ တစ်ဖက်တည်းသော မျက်စိ သဖွယ်အရိပ်တကြည့်ကြည့်နှင့် ချစ်မဝခင် ရောဂါဝင်၍ သေဆုံးကွယ်လွန်၏။ အချစ်သည်းသော ဖခင်ကြီး အဒိန္န ပုဗ္ဗကမှာ လွန်စွာ ပူဆွေးဝမ်းနည်းရတော့၏။

သားဖြစ်သူ အချိန်မရောက်မီ ငယ်ငယ်ရွယ်ရွယ်နှင့် သေရသည်မှာ အသေအချာစစ်ကြည့်လျှင် သူ့ပယောဂ မကင်းပါ။ ရောဂါနစဉ် ငွေကုန်မည်စိုး၍ တတ်ကျွမ်းနား လည်သော ဆေးဆရာများနှင့် အသေအချာမကုခဲ့။ ဟိုမေး သည်မေးဖြင့် ဆေးမြီးတိုများကိုသာ သုံးစွဲပြီး လက်တည့် စမ်း ဆေးတိုက်ကျွေးခဲ့၏။ သားကိုချစ်သော်လည်း ပစ္စည်းဥစ္စာ ရွှေငွေကို ချစ်သည့်စိတ်က လွန်ကဲခဲ့၍ ယခုတော့ နောင်တ ရလေပြီ။

မည်သူ့ကိုမျှ မည်သည့်အကြောင်းနှင့်မျှ တစ်စုံ တစ်ခုကို ပင် မပေးချင်သော နမြောမစ္ဆရိယစိတ်က သူ့ကို ဒဏ်ခတ်၏။ ရင်နှစ်သည်းချာ သားရတနာလောက် မည်သည့်အရာမျှ တန်ဖိုးမရှိဟု သဘောပေါက်ချိန်တွင် သားချစ်ကား မရှိ ရှာတော့။

မိုက်နောင်တကို ရင်မှာပိုက်ပြီး ဝမ်းနည်းကြေကွဲရ သည်။ ယောက်ျားတန်မဲ့ ဟန်မဆောင်နိုင်အောင်ပင် ရှိုက်ငင်ငို ကြွေးသည်။ ပူလောင်မှုသောကများ ပျောက်လို ပျောက်ငြား သားကို မြှုပ်နှံရာသင်္ချိုင်းသို့ နေ့စဉ်သွား၍ တမ်းတငိုကြွေး သော်လည်း ပူဆွေးသောကများ တိုးလို့သာ လာ၏။

မဋ္ဌကဏ္ဍလီကား ဘဝသစ်တွင် နတ်သားဖြစ်နေသည်။ ဘဝတစ်လျှောက်လုံး နှမြောလွန်းသူ ဖခင်ကြီး၏ အုပ်ထိန်းမှုအောက်တွင် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခဲ့ရသော်လည်း သေခါနီးတွင် ကံကောင်းခဲ့ရ၏။

မိမိကို ကယ်တင်ချီးမြှောက်လိုသော မဟာကရုဏာတော်နှင့် အိမ်ရှေ့အရောက် ကြွလာတော်မူသော မြတ်စွာဘုရားကို သေအံ့မူးမူးတွင် ဖူးမြင်ကြည်နူးလိုက်ရသည်။ ကြည်ညိုသဒ္ဓါစိတ်ဖြင့် ဘုရားရှင်ကို အာရုံယူရင်း ဘဝကူးခဲ့သောကြောင့် တာဝတိံသာနတ်ပြည်သို့ရောက်၏။ နတ်စည်းစိမ်၊ နတ်ချမ်းသာတို့နှင့် ပြည့်စုံနေသော မဋ္ဌကုဏ္ဍလီနတ်သား၏ တစ်ခုတည်းသောကောင်းမှုမှာ ဘုရားရှင်ကို ကြည်ညိုခြင်းသာဖြစ်၏။

နေခဲ့ရာဘဝဟောင်း လူ့လောကကို သတိတရ ပြန်ကြည့်သောအခါ ဖခင်ပုဏ္ဏားကြီး၏ ဖြေမဆည် နိုင်သော စိုးရိမ်သောကကို တွေ့မြင်၏။ မိမိကိုအကြောင်းပြု၍ ဖြစ်ပေါ်နေသော ဖခင်ကြီး၏ သောကကို ဖြေဖျောက် ပေးလို၏။ သားလိမ္မာလေးတစ်ဦးမို့ မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင်ဖြင့် ဒုက္ခဖြစ်နေသော ဖခင်ကြီး၏ဝေဒနာကို မကြည့်ရက်နိုင်။ တရားသဘောပြ ဆုံးမနိုင်ရန်အတွက် ဘဝဟောင်းက မဋ္ဌကုဏ္ဍလီ၏အသွင်ဖြင့် မနီးမဝေးတွင် ရှိုက်ကြီးတငင် အော်ဟစ်ငိုကြွေးနေတော့သည်။

သချိုင်းအတွင်း ငိုနေသူနှစ်ယောက်တွေ့ကြလေပြီ။ အဒိန္နပုဗ္ဗက သူဌေးကြီးကလည်း သေလွန်ပြီးသောသား၏

www.dhammadownload.com



အသက်ပြန်ရှင်မှုကို လိုချင်တောင့်တငိုသည်။ မဋ္ဌကုဏ္ဍလီကလည်း တစ်စုံတစ်ခုကို လိုချင်နေဟန်ဖြင့် ငိုသည်။

ယနေ့မှ ထူးထူးခြားခြားလာငိုနေသူမှာ သူ့သား မဋ္ဌကုဏ္ဍလီနှင့် ခွဲမရအောင်တူသဖြင့် အဒိန္နပုဗ္ဗက အံ့အား သင့်ရသည်။

သားနှင့် ချွတ်စွပ်တူသူကို သားကဲ့သို့ ချစ်မိပြန်သောကြောင့် ငိုနေသည်ကို မကြည့်ရက်နိုင်သဖြင့် "ချစ်သားသူငယ်၊ ဘာကြောင့်ဒီလောက်တောင်ငိုနေတာလဲ" ဟု သနားကရုဏာဖြင့် မေးလေသည်။

မဋ္ဌကုဏ္ဍလီဆင်သောအကွက်သို့ စဝင်လေပြီ။ မဖြစ်နိုင်သည်ကို ဖြစ်ချင်နေသော ဖခင်ကြီးကို တရားပြရန် အတွက် "ဖခင် ကျွန်ုပ်မှာပြိုးပြိုးပြက်ပြက် အရောင်ထွက်တဲ့ ရွှေရထားတစ်စင်း ရှိပါတယ်။ ဒါပေမဲ့ ဘီးနှစ်ဖက်မရှိပါ။ သင့်တော်တဲ့ ရထားဘီးတစ်စုံကိုအရမယူနိုင်လို့စိတ်ဆင်းရဲလို့ငိုကြွေးတာပါ" ဟု ပြောလေသည်။

အဒိန္နပုဗ္ဗကသည် ရေးကဥစ္စာပစ္စည်းရွှေငွေတို့ကို အလွန်အကဲမက်မောခဲ့၏။ အသက်ထက်မက အမြတ်တနိုးတန်ဖိုးထားခဲ့၏။ သို့သော် သားသေချိန်မှစ၍ တွယ်တာငဲ့ကွက်မှုမရှိတော့။ သားရင်းကို ငွေကုန်ခံကာ မကုသခဲ့သဖြင့် သားနှင့်တူသူကို လိုချင်တာပေးဆပ်ပြီး စိတ်ဖြေလိုသောကြောင့် –

"ချစ်သားလူငယ်... ရွှေဘီး၊ ပတ္တမြားဘီး၊ ငွေဘီး သင်နှစ်သက်ရာကို ပြောပါ၊ သင်အလိုရှိရာကို ကျွန်ုပ်ပိုင်ဆိုင်သော ပစ္စည်းဥစ္စာတို့နှဲ့လဲလှယ်ကာရပါစေ့မယ်။ မငိုနဲ့တော့" ဟု သနား

www.dhammadownload.com



စိတ်၊ ချစ်စိတ်အရင်းခံကာ ပြောရာ၏။ ငွေကို ချစ်လွန်းသူမို့ ငွေရှိလျှင် ဘာမဆိုဖြစ်နိုင်သည် ဟူသော အယူအဆရှိသည်မှာ မဆန်းပါ။ သို့သော် လူငယ်လေး ပူဆာသည်ကို ကြားရသောအခါ သူ့မှာအခက်ကြုံရတော့၏။

"ဖခင်... ကျွန်ုပ်ရဲ့ရွှေရထားအတွက် ဘီးလုပ်ရန် သင့်လျော်တင့်တယ်သည်မှာ ကောင်းကင်က လနဲ့နေသာ ဖြစ်ပါတယ်။ လမင်းနဲ့နေမင်းကိုသာ ဘီးအဖြစ် တပ်ချင်ပါတယ်။ ရယူတပ်ဆင်ပေးပါ"

လနှင့်နေကို ရထားဘီးအဖြစ် တပ်ဆင်၍ မရနိုင် သည်ကို လူတိုင်းအသိပင်ဖြစ်၏။ ဖခင်ကြီးလည်း သိသည်။ မဋ္ဌကုဏ္ဍလီလည်းသိသည်။ တမင်တကာပင် မဖြစ်နိုင် သည်ကို တမင်ပြောလိုက် ခြင်းဖြစ်၏။

"ချစ်သားသူငယ်..အလိုမရှိအပ်၊ မတောင့်တအပ် တာကို တောင့်တလိုချင်ဖြစ်ချင်သော သင်ဟာ လူမိုက် စင်စစ်ဖြစ်နေပြီ။ သင်ဝို၍ သေချင်သေသွားလိမ့်မယ်၊ လနဲ့နေကိုတော့ ဘီးတပ်၍မရနိုင်ပါ"

အဒိန္နပုဗ္ဗကသည် အမှန်သိလျက် မှားနေသူ ဖြစ်၏။ အသိခေါက်ခက် အဝင်နက်နေသူဖြစ်၏။ သူတစ်ပါး၏ မှားယွင်းမှုကို သဘောပေါက်နားလည်နိုင်သော်လည်း ကိုယ့်အလှည့်တွင် မဆင်ခြင်နိုင်သူ ဖြစ်၏။ လောကကြီး တွင် အမှန်သိလင့်ကစား အမှားကျင့်သော ဤလိုလူစား အများ ကြီးရှိပါ၏။ သေပြီးသူကိုတောင့်တငိုနေသော ဆင်ခြင်ဉာဏ်တုံးရာသည့် လူမိုက်ကြီး စင်စစ် ဖြစ်နေရာသည်။

www.dhammadownload.com



"ဖခင်...သင်ရော ကျွန်ုပ်ပါ ငိုကြွေးနေကြသူများ ဖြစ်နေကြပါတယ်။ ဒီအထဲမှာ ကျွန်ုပ်လိုချင်နေတဲ့ လနဲ့နေကို ထင်ထင်ရှားရှားတွေမြင်ပြီး တောင့်တငိုတာပါ။ ဖခင်ကတော့ တွေ့မြင်ရခြင်းပင် မရှိတဲ့သားကို တောင့်တငိုနေပါတယ်။ အမြင်ရှိကို လိုချင်သူနဲ့ မမြင်မရှိသူကို လိုချင်သူနှစ်ယောက် ဘယ်လူက ပိုမိုက်ပါသလဲ"

မဋ္ဌကုဏ္ဍလီ၏စကားသည် အပိုအလိုမရှိ အတိအကျပင် အမှန်တရားကိုညွှန်ပြနိုင်၏။ အချစ်စိတ်မွှန်၍ဖုံးကွယ်နေသော အမှန်တရားကို ပြတ်ပြတ်သားသား သိမြင်သွားအောင် ပြောလိုက်ခြင်းဖြစ်၏။

တောင့်တသည်ကို ရရှိခြင်း၌ အကန့်အသတ် ရှိပါ သည်။ သူတောင်းစားတစ်ယောက် နက်ဖြန်တွင် ဘုရင် အဖြစ်ကို ရနိုင်သည်။ မွေးကတည်းက ခြေလက်မပါသူ တစ်ယောက် ပန်းချီဆရာကြီး ဖြစ်လာနိုင်သည်။ သို့သော် သေသူကတော့ မည်သည့်နည်းနှင့်မျှ ပြန်မရှင်နိုင်တော့ပါ။

အသိဉာဏ်မနည်းသော အဒိန္နပုဗ္ဗကသည် ဖျတ်ခနဲ အမှန်ကို မြင်လိုက်သည်နှင့် အားလုံးကို နားလည်သွား တော့၏။ သတိသံဝေဂရပြီး မိမိက မိုက်သည်ဟု ဆိုသူထက်ပင် မိမိကိုယ်တိုင်က ပို၍ မိုက်မဲနေပါလားဟု သိမြင်သွားတော့သည်။

"ချစ်သားသူငယ်...သင်ဟာ မှန်ကန်တဲ့ စကားကို ဆိုပါပေတယ်။ ဖိုးလမင်းကြီးကို အယူခိုင်းတဲ့ကလေးလိုပဲ၊

www.dhammadownload.com



ငါဟာ ဒီဘဝမှာ ထင်ရှားမရှိတော့တဲ့သားကို တောင့်တနေမိပါတယ်။ ငါသာလျှင် အမိုက်ဆုံးဖြစ်ပါတယ်"

အမှန်မြင်သွားသူ အဒိန္နပုဗ္ဗကအတွက် သောကသည် နေရာမရှိတော့။ သောကတိမ်တိုက်များ လွင့်စင် သွားသော အဒိန္နပုဗ္ဗက၏စိတ်လမင်းကြီးတွင် အေးချမ်း သာယာမှုတို့ နေရာယူဝင်ရောက်လာကြပြီ။ အငိုတိတ်ကာ မျက်ရည်များ သုတ်ပြီး -

"ချစ်သားသူငယ်… ထောပတ်ဆီ သွန်းလောင်း ထားတဲ့ အလျှံတပြောင်ပြောင်တောက်နေတဲ့ မီးထဲကို ရေသွန်း လောင်းပြီး ငြိမ်းစေလိုက်သလို သင့်စကားဟာ ရဲရဲတောက် နေတဲ့ ငါ့သောကမီးကို ငြိမ်းစေပါတယ်။ ငါ့နှလုံးသားမှာ စူးဝင် နေတဲ့ သောကငြောင့်ကို သင်ထုတ်ပေးလိုက်ပါပြီ။ သောက ကင်းပြီး စိတ်တွေကြည်လင် သွားတဲ့ ငါဟာ ကုသိုလ် ကောင်းမှုလုပ်ငန်းများကို ကြိုးစား အားထုတ်ပါတော့မယ်" ဟု ပြောဆိုကာ သူ့သက်တမ်း တစ်လျှောက်လုံး ကုသိုလ် ကောင်းမှုများ ကြိုးစား အားထုတ်ကာ ကောင်းရာသုဂတိသို့ လားလေတော့သည်။

www.dhammadownload.com

## စီးပွားပျက်စီး သောကကြီး

ပူလောင်မှုသောကကို ဖြစ်ပေါ်စေသော အကြောင်းတရားများစွာတို့တွင် ပစ္စည်းဥစ္စာအပေါ် တွယ်တာမှု လိုချင်နှစ်သက်မှု တဏှာသည်လည်း အဓိကတစ်နေရာမှ ပါဝင်လျက်ရှိ၏။ "တဏှာယ ဇာယတိ သောကော" လိုချင်မှုကြောင့် သောကရောက်ရ၏ဟူ၍ပင် မြတ်စွာဘုရားရှင် က ပြဆုံးမတော်မူခဲ့ပါသည်။

နွားတို့၏ ဦးချိုသည် နောက်သို့ပြန်တိုဝင်သည် မရှိ။ ရှေ့သို့တိုး၍တိုး၍သာ ရှည်ထွက်လာသကဲ့သို့ လူတို့၏ လိုချင်မှုသည်လည်း ပြည့်ဝသွားသည် မရှိပါ။ တင်းတိမ် အားရ ကျေနပ်သွားသည်ဟု မရှိပါ။ မရသေးသည်ကို လိုချင်သည်။ ရပြီးသည်ကို ပိုလို့သာ လိုချင်သည်။ လိုချင်ပါလျက်နှင့် မရသောအခါ စိတ်ရောကိုယ်ပါ ပင်ပန်းကြရ

www.dhammadownload.com



တော့၏။ ထို့အတူ ရပြီးသည်များ ပျက်စီးသွားသောအခါ သောကဖိစီးလာကြပြန်သည်။ ထိုအခါမျိုးတွင် သောက ငြိမ်းလိုပါက လိုချင်မှုတဏှာကို တတ်နိုင်သမျှ ပယ်ကြမှသာ ဖြစ်နိုင်ပေလိမ့်မည်။

အစိရဝတီမြစ်ကမ်းနံဘေးရှိလယ်လုပ်သားပုဏ္ဏားကြီး၏ တစ်ခုတည်းသော မျှော်လင့်ချက်မှာ ကောက်စပါး များ အောင်မြင်စွာထွက်ရှိရေးပင်ဖြစ်သည်။ လယ်ယာသည်သာ သူ့ဘဝ၊ လယ်ယာသည်သာ သူ့မိသားစု၏ အသက်ရှင်ရပ်တည်မှုဖြစ်သည်မို့ မနေမနား ကြိုးစားရှာ ပါသည်။

တဖြည်းဖြည်းနှင့် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်လာခဲ့ရာ ရွှေရောင်ဝင်းနေသော စပါးခင်းကြီးကို မြင်တွေ့လာရသော အခါ လွန်စွာဝမ်းသာ၏။ မကြာတော့မည့် ကာလ အတွင်းပေါ် ထွက်လာမည့် အကျိုးတရားများကို မျှော်လင့်ပြီး ရွှင်လန်း အားရ၏။ စားရန် သုံးရန် လှူရန် အရေးတွေးပြီး ပီတိသောမန သာ ဖြစ်နေပါသည်။

သို့သော် ကံကြမ္မာသည် ကျွမ်းကျင်သော မျက်လှည့်ဆရာ သဖွယ် လှည့်ဖြားကစားတတ်ချေ၏။ ခုကောင်းခုဆိုး အမျိုး မျိုးဖြစ်သွားအောင် တစ်မုဟုတ်ချင်း စွမ်းဆောင်နိုင် ပေ၏။ ညနေကပင် ရွှေရောင်ကောက်ပင်များ ပြည့်နေသည့် လယ် ကွင်းကြီးသည် တစ်ညလုံးမိုးကြီးရွာ၍ မြစ်ရေ ကြီးသည့် အတွက် နံနက်စောစောထကြည့်လိုက်လျှင် တလင်းပြင်ကြီး ကိုသာ မြင်ရတော့၏။ စပါးပင်များ အားလုံး ရေမျောကာ ပျက်စီး ဆုံးရှုံးသွားလေပြီ။

www.dhammadownload.com



ပုဏ္ဏားကြီးအတွက် ခံရချက်ကား မသက်သာပါ။ သောက ဖြစ်မည်ဆိုလည်း ဖြစ်လောက်စရာပါပေ။ သူ့မှာ ဘာတစ်ခုမျှ မကျန်တော့။ ရင်းနှီးမြှုပ်နှံထားခဲ့သော ငွေကြေးပမာဏ, အချိန်ကာလ ,လုပ်အားတို့ အားလုံး မြစ်ရေနှင့်အတူ ပင်လယ်ထဲသို့ မျောပါသွားလေပြီ။

စားစရာလည်းမရှိ။ ကျွေးစရာလည်းမရှိ။ ပေးစရာ လည်း မရှိတော့။ ရနိုင်စရာ ယူနိုင်စရာလည်း ဘာတစ်ခုမျှ မရှိတော့။ တစ်စုံတစ်ခုသော အတိုင်းအတာအားဖြင့် ပိုင်ဆိုင်မှုရှိသူ ဘဝမှ ဆင်းရဲ မွဲတေသောဘဝသို့ နေ့ချင်း ညချင်းရောက်သွားရပြီ ဖြစ်သည်။

လောကလူသားအများစုသည် ဘဝ၏တန်ဖိုးကို စီးပွား ရေးပေတံဖြင့် တိုင်းတာတတ်ကြ၏။ စီးပွားရေး ပြေလည်ကာ ချမ်းသာနေသူတို့ကို နေရာပေးချင်ကြခေါ်ပြောနှုတ်ဆက်ချင် ကြသော်လည်း စီးပွားပျက်သွားလျှင် မခေါ်ချင် မပြောချင်ကြ တော့။ ဆွေမျိုးရင်းချာများသဖွယ် ခင်မင်ပါသည်ဆို သူ များလည်း ပျောက်ခြင်းမလှပျောက် ကွယ်သွားတတ်ကြ၏။ စီးပွားပျက်သူတို့မှာ ဘဝပျက်သည်နှင့်မထူး အလူးအလဲ ခံစားကြရပါတော့သည်။

ရုတ်တရက်ကြီး စီးပွားပျက်သွားသော ပုဏ္ဏားကြီး မှာလည်း လွန်စွာမှ အားငယ်မိ၏။ ကြိုးစားပမ်းစား တည် ဆောက်ထားရသော မိမိဘဝကြီး တစ်ခုလုံးအတုံး အရုံး လဲပြိုကျသွားသလို ပူဆွေးသောကဖြစ်ရ၏။ လောက

www.dhammadownload.com



တွင် မျက်နှာငယ်ရတော့မည့်အရေး တွေးကာဖြေမဆည် နိုင်အောင် ဖြစ်နေစဉ် မြတ်စွာဘုရားသည် အဖော်မဲ့ကာ အားငယ်နေရှာသော မိတ်ဆွေပုဏ္ဏားကြီးထံသို့ ကြွသွား တော်မူပါသည်။ အခြေအနေအရပ်ရပ်ကို အစမှအဆုံး သိမြင် သတော်ပေါက်ထားသည်ဖြစ်၍ ပုဏ္ဏားကြီးအား နှစ်သိမ့်အား ပေးတော်မူပါသည်။

"ပုဏ္ဏားကြီး၊ သင်သည် သောကဖြစ်နေပါသလား"

"မှန်ပါ မြတ်စွာဘုရား၊ သေမတတ်ပင် ခံစားနေရပါသည် ဘုရား"

"သင် သောကဖြစ်နေရင် စပါးပင်တွေ ပြန်ရှင်လာမှာ လား"

"မရှင်လာတော့ပါ မြတ်စွာဘုရား"

"ဒါဆို ဘာလို့ဒီလောက်တောင် သောကဖြစ်နေရတာလဲ ပုဏ္ဏားကြီး။ စီးပွားဆိုတာ ဖြစ်ချိန်တန်ရင် ဖြစ်လာသလို ပျက် ချိန်ရောက်ရင် ပျက်စီးမှာပဲ။ သင်္ခါရတရား မှန်သမျှ မပျက် မစီး အမြဲတည်နေတာ ဘယ်မှာရှိနေလို့လဲ။ သင်္ခါရတရားတို့ရဲ့ ဖြစ်ပျက်သဘာဝကို အမှန်အတိုင်း သုံးသပ်ရှုမြင်ပြီး သောက မဝင်အောင် ဆင်ခြင်ပါ ပုဏ္ဏားကြီး"

ဤသို့အစချီကာ မြတ်စွာဘုရားသည် ပုဏ္ဏားကြီး အား လောက၏သဘာဝကိုထင်ရှားပြတော်မူပါသည်။ ဖြစ်လျှင်ပျက် မြဲသဘောဓမ္မတာကိုမျက်ကွယ်ပြုထားသောကြောင့် သောက ရောက်ရခြင်းဖြစ်ကြောင်း ကာမဂုဏ်တရားတို့ မည်သည်မှာ

www.dhammadownload.com



ပူလောင်မှုကိုသာ ပေးတတ်ကြောင်း ကာမသုတ္တန်ကို မူတည်ကာ အကျယ် တဝင့် ဟောကြားတော်မူပါသည်။ ကာမတရားတို့၏ အပြစ်များ၊ ဆင်းရဲဒုက္ခ ဖြစ်ကြရသည်များကို သိနားလည်လာလျှင်ပင် ပုဏ္ဏားကြီး၏ သောကအညစ်အကြေးများ ကင်းစင်သွားတော့၏။

ညချမ်းကာလ ဓမ္မသဘင်သို့ရောက်လျှင် မြတ်စွာဘုရားသည် စုဝေးရောက်ရှိနေကြသော တရားနာ ပရိသတ်တို့အားသောကကင်းဝေးချမ်းသာသွားသောပုဏ္ဏားကြီး၏ဖြစ်ရပ်ကိုပင်အကြောင်းပြုကာ "ယခုဘဝမှ သာလျှင် ငါဘုရားရှင်သည် ပုဏ္ဏားကြီးကို သောကဖျောက် ပေးရသည် မဟုတ်၊ ရှေးတုန်းကလည်း ဤသို့ပင် သောက ဖျောက်ပေးခဲ့ဖူးသည်" ဟု မိန့်တော်မူကာ အတိတ်ဘဝက အကြောင်းအရာများကိုလည်း ပြန်လည်ဆက်စပ် ဟောကြားတော်မူခဲ့ပါတော့သည်။

လွန်လေပြီးသော အတိတ်ကာလ၌ ဗာရာဏသီ ပြည်ကြီးတွင်ဗြဟ္မဒတ်မင်းထီးနန်းစိုးစံစဉ်ကာလဖြစ်သည်။ မင်းကြီးတွင် သားတော်နှစ်ပါးထွန်းကားခဲ့ရာ အရွယ်ရောက်လျှင် သားတော်ကြီးအား အိမ်ရှေ့မင်းရာထူးကိုလည်းကောင်း၊ သားတော်ငယ်အား စစ်သေနာပတိ ရာထူးကိုလည်းကောင်း အသီးသီးခန့်အပ်တော်မူ၏။

မင်းကြီးနတ်ရွာစံ ကံတော်ကုန်သောအခါ မှူးမတ်ဝန်ကြီးစစ်သည်ဗိုလ်ပါအပေါင်းတို့က သားတော်ကြီးအား

www.dhammadownload.com



ထီးနန်းလွှဲအပ်ကြ၏။ မင်းပြုပါရန် လျှောက်ထားတောင်းပန်ကြသည်။ သို့သော် သားတော်ကြီးသည် ထီးနန်း စည်းစိမ်ကိုလက်မခံပါ။ မင်းအဖြစ်ကိုအလိုမရှိပါ။ ညီငယ်အားသာ ထီးနန်းကိုအပ်နှံ၍ တောအရပ်ကို မထင်မရှားသွားကာ အေးချမ်းစွာနေလေတော့သည်။

အစပထမတွင် ရှာသူရှာသားများသည် မင်းသားကို မင်းသားမှန်းမသိကြ။ တစ်စတစ်စနှင့် ဇာတိမှန်ကို သိလာကြသောအခါ ဝိုင်းဝန်းမြှောက် စားကြတော့၏။ မည်သည့် အလုပ်ကိုမျှ မလုပ်စေတော့ဘဲ ရိုသေစွာပြုစု လုပ်ကျွေးကြ တော့၏။ ညီငယ်မင်းအား နှစ်စဉ်ဆက်သနေကျဖြစ်သော အခွန်တော်ကို ကင်းလွတ်ခွင့်ခံယူကာ မင်းသားအား ဆက်သကြ၏။

တဖြည်းဖြည်းနှင့် ပစ္စည်းဥစ္စာများ၊ အခြွေအရံများ တိုးပွားလာသောအခါ မင်းသားသည် စည်းစိမ်ချမ်းသာကို သာယာရကောင်းမှန်းသိလာ၏။ ရာထူး၊ အာဏာ၊ ပစ္စည်းဥစ္စာကြွယ်ဝမှု၏ အရသာကို သဘောကျ ယစ်မူးလာတော့ ၏။

ရလေလေ လိုချင်လေလေ ဖြစ်တတ်သည်မှာ တဏှာ၏ အစွမ်းထက်သော သတ္တိထူးဖြစ်ချေ၏။ တဏှာ လောဘ၏ ကွန်ရက်အတွင်းသို့ ဝင်ရောက်မိပြီဖြစ်သော မင်းသားသည် ရှာသူကြီးစည်းစိမ်လောက်နှင့် မရောင့်ရဲနိုင်တော့ချေ။ ညီငယ်မင်းထံမှ ရသမျှကို တိုးကာ တိုးကာ တောင်းဆိုလာတော့၏။

www.dhammadownload.com



ရွာကြီးတစ်ရွာအပိုင်စားရသည်မှ စ,ကာ ဇနပုဒ်တစ်ခုပိုင်ဆိုင်ခွင့်ရရှိရေး၊ ထိုမှမှမက ဇနပုဒ်အားလုံးကိုပိုင်ဆိုင်ခွင့်ရရှိရေး၊ ထိုမှမှမက အိမ်ရှေ့မင်းအဖြစ် ရာထူး အာဏာရရှိရေး၊ ထိုမှမှမက တစ်တိုင်းလုံးတစ်ပြည်လုံးကို ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် အရေးဆိုလာတော့သည်။

နောက်ဆုံးတွင် မိမိကိုယ်တိုင် မလိုချင်၍ စွန့်ပစ်ခဲ့ သော ထီးနန်းစည်းစိမ်ကို ပြန်လည်ရယူရန်အတွက် "စစ်ထိုး မည်လော၊ အသာတကြည် တိုင်းပြည်ကို အပ်မည်လော" ဟု ရာဇသံပို့သည်အထိ အလိုရမ္မက်ကြီးလာတော့၏။

ညီငယ်မင်းကား အစ်ကိုကြီးအပေါ် သံယောဇဉ် မကင်းပြတ်နိုင်ပါ။ လိုချင်သမျှပေးဖို့အရေး တုံ့နှေးတွေဝေမနေပါ။ "ညီနောင်အရင်း စစ်မခင်းပါရစေနှင့်၊ အလိုရှိပါကထီးနန်းကို သိမ်းပိုက်ပါ" ဟု အသာတကြည် ပေးအပ်လိုက်ပါတော့သည်။

မင်းကြီးသည် ရေမြေသနင်းပြည့်ရှင်မင်းအဖြစ်ကို ရနေပြီဖြစ်သော်လည်း လောဘကို အဆုံးမသတ်နိုင်တော့။ တစ်တိုင်းတစ်ပြည်လုံး ပိုင်ဆိုင်ရသည်ကိုပင် နည်းသည်ဟု အထင်ရှိနေ၏။ တိုင်းပြည်နှစ်ခု,သုံးခုကိုပိုင်ဆိုင်စိုးမိုးရပါမူကား ကောင်းလေစွ၊ နှစ်ပြည်ထောင်,သုံးပြည်ထောင်ကိုတစ်ဦးတည်း အုပ်ချုပ် မင်းလုပ်ရပါမူ ကား ကောင်းလေစွဟု တောင့်တလာပြန်၏။

ဆားငန်ရေမှာသောက်လေသောက်လေ ငတ်မပြေသကဲ့သို့ လောဘတဏှာဆိုသည်မှာလည်း ဖြည့်လေလေ မပြည့်

www.dhammadownload.com



နိုင်လေလေသာဖြစ်ပေ၏။ တဏှာလိုဘပြည့်ဝစေရန် ဖြည့်စွမ်းဖို့ဆိုသည်မှာ မဖြစ်နိုင်သော အလုပ်တစ်ခုသာ ဖြစ်ပါတော့သည်။

နတ်တို့သနင်း သိကြားမင်းသည် လူ့လောက၌ မည်သူက ကောင်းမှုပြုသည်။ မည်သူက မကောင်းမှု ပြုနေသည်ဟု အကဲခတ်ကြည့်လျှင် တဏှာအလို လိုက်နေသည့် မင်းမိုက်ကို တွေ့မြင်ရ၏။ ဤမျှ လောဘကြီးနေလျှင် ဆုံးမမှသင့်မည်ဟု နလုံးသွင်းကာ လူ့ပြည်သို့ လုလင်ပျို အသွင်ဖြင့် ဆင်းလာ၏။ နန်းတော်တံခါးဝတွင် ရပ်တည်ကာ "အထူးသံတော်ဦးတင်စရာရှိသည်မို့ ဆိတ်ငြိမ်ရာ၌ မင်းကြီးနဲ့ နှစ်ယောက်ချင်း တွေ့ပါရစေ" ဟု သံတော်ဦးတင်လေ၏။

မင်းကြီးနှင့်တွေ့လျှင် "အရှင်မင်းကြီး၊ အကျွန်ုပ်သည် အလွန်တရာ စည်ပင်ဝပြောသော ဆင်မြင်း ရတနာတို့နှင့် ပြည့်စုံသော တိုင်းပြည်ကြီးသုံးခုကို ဆက်သလိုပါသည်။ အမြန်ဆုံးလိုက်ပြီး တိုက်ခိုက်သိမ်းပိုက်ပါ" ဟု ပြောဆိုကာ ပျောက်ကွယ်သွားတော့၏။

မင်းကြီးသည် ဘာမျှမစဉ်းစားနိုင်။ ချက်ချင်းပင် မှူးကြီးမတ်ရာသေနာပတိတို့အားဆင့်ခေါ်ကာသွားရောက်သိမ်းပိုက်စေ၏။ သို့သော် "မည်မျှ ဝေးကွာသည်၊ မည်သည့်နေရာ၌ရှိသည်၊ မည်သို့ အမည်ရှိသည်" ကိုမျှ မေးမထားလိုက်မိ၍ မသိချေ။ လုလင်ကို အရှာခိုင်းသော်လည်း မတွေ့သောအခါ သုံးပြည်ထောင်ရဖို့အရေး အလှမ်းဝေးပြီမို့ တွေးကာ ဆွေး

www.dhammadownload.com



တော့၏။ ပါးစပ်ထဲ ထည့်ခါနီးမှ လွတ်ကျသွားသော ထမင်းလုတ်ကဲ့သို့ အာသာငမ်းငမ်းနှင့် တပ်မက်လျက်ရှိ၏။ မရနိုင်တော့၊ မဖြစ်နိုင်တော့ဟု လက်လျှော့လိုက်ရချိန်တွင် လောဘမီးများ နလုံးသားကို လောင်ကျွမ်းကာ သွေးအန်၏။ တစ်လုတ်တစ်ဆုပ်မျှသော ထမင်းကိုပင် စား၍ မဝင်နိုင် အောင်သောကဖိစီးပါတော့သည်။

အကျော်အမော် နန်းတွင်းသမားတော်များ ကြိုးစား ကုသကြသော်လည်း မင်းကြီး၏ရောဂါ ဝေဒနာပျောက် ကင်းအောင်မည်သူမျှမကုနိုင်။ လက်မှိုင်ချကာ ထားရတော့မည့်အခြေအနေသို့ပင် ရောက်ခဲ့လေပြီ။

တက္ကသိုလ်ပြည်မှ ပညာသင်ပြီး ပြန်လာခါစ သမားတော်လေးသည်လည်း မင်းကြီး၏သတင်းကို ကြားရ၏။ ကုသခွင့်တောင်းသော်လည်း သမားပေါက်စမို့ အထင်သေး၍ ကုသခွင့် မပေးကြ။ ရောဂါဖြစ်ကြောင်းကို သိရလျှင် ပျောက်ကင်းဖို့တာဝန်ယူပါသည်ဟု အာမခံပါမှ ခွင့်ပေးကြလေသည်။ သေချာကျနစွာ စစ်ဆေးမေးမြန်း ကြည့်သောအခါ လိုချင်မှု တဏှာကြောင့် ဖြစ်ပေါ်လာသော ရောဂါဟု တပ်အပ်သိလေ၏။

အနာသိလျှင် ဆေးရှိလေပြီ။ စိတ်ကြောင့်ဖြစ်သော ရောဂါကို စိတ်ဖြင့်သာကုရမည်ဟု သိမြင်သည့်အလျောက် မင်းကြီးသဘောပေါက်စေရန် ရဲဝံ့စွာ လျှောက်တင်တော့သည်။

www.dhammadownload.com



"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ရောဂါဟာ လိုချင်မှု ကြောင့်ဖြစ်လာတဲ့ ရောဂါဖြစ်ပါတယ်။ အရှင်မင်းကြီးဟာ မရ လိုက်တဲ့ သုံးပြည်ထောင်ကို ရလိုနေခြင်းကြောင့် ရောဂါဝေဒနာ များ ခံစားနေရခြင်းဖြစ်ပါတယ်။

"အကယ်၍ မင်းကြီးသည် ဤတိုင်းပြည်နှင့်တကွ လေး ပြည်ထောင်ကို ပိုင်ဆိုင်ရပါက တစ်ပြိုင်နက် ထမင်း လေးခွက်ပွဲ တော်တည်နိုင်ပါမည်လောဟု စဉ်းစားတော်မူပါ။ အိပ်ရာသ လွန်လေးခု၌ တစ်ပြိုင်နက် အိပ်နိုင်ပါမည်လော။ ဝတ်လဲတော် လေးခုကို တစ်ပြိုင်တည်း ဝတ်ဆင်နိုင်ပါမည်လောဟု ဆင်ခြင် တော်မူပါ။ လောဘနိုင်ငံသို့ လိုက်ပါရန် မသင့်ပါ" ဟု သတိ ယှဉ်၍ အသိဝင်စေရန် သံတော်ဦးတင်လိုက်၏။

"အရှင်မင်းကြီး လိုလားတောင့်တနေသူအား လိုချင် သည်ကိုရပါက နစ်သက်ကျေနပ်ကြပါတယ်။ မဟာ သမုဒ္ဒရာ အထိ ရောက်လောက်အောင်၊ မြေဟူသမျှ မကျန် အောင် ရပြီးပါသော်လည်း မကျေနပ်ကြသေးပါ။ သမုဒ္ဒရာ ရဲ့ဟိုဘက် ကမ်းကို ထပ်လို့သာ လိုချင်ကြပါတယ်။

"ထို့အတူပါပဲ ကာမဂုဏ်တွေကိုခင်မင်လွန်းအားကြီးတဲ့သူ၊ လိုချင်လွန်းအားကြီးတဲ့သူဟာ လိုချင်မှုကို အဆုံးမသတ်နိုင်ပါ။ တဏှာအပြစ်မြင်တဲ့ ပညာဉာဏ်ဝင်မှသာ ပြည့်စုံမှုကို ရသွားကြ ပါတယ် မင်းကြီး"

လောဘတဏှာကို အနိုင်ယူနိုင်သည်မှာ အသိဉာဏ် ပညာသာဖြစ်၏။ ပညာမျက်စိကန်းနေပါက လောဘ၏အပြစ်ကို

www.dhammadownload.com



မမြင်ကြတော့ဘဲအကောင်းထင်တတ်ကြ၏။ လောဘနှိပ်စက်၍ အိပ်ရာထဲလဲ နေသောမင်းကြီးသည် ယခုထက်တိုင် လက် သည် တရားခံကို မသိသေး။ တဏှာ လောဘ လှည့်စားသမျှ အဟုတ်ထင် အကောင်းထင်ကာ လိုချင်နေသေး၏။ လောဘတဏှာရဲ့အပြစ်မြင်မှသာ၊ တင်းတိမ်ရောင့်ရဲမှသာ ချမ်းသာနိုင်မည်ဖြစ်ကြောင်း လျှောက်တင်နေ၏။

"အရှင်မင်းကြီး၊ ပညာရှိတဲ့သူဟာ ကာမဂုဏ်တွေ ကြောင့် ပူလောင်တဲ့ဒဏ်မခံရတော့ပါဘူး။ ပညာပြည့် တဲ့သူကို တဏှာက ဆွဲဆောင်နှိပ်စက်မှု မပြုနိုင်ပါဘူး။ ကာမဂုဏ်တွေကို ဖျက်ဆီးလိုက်ပါတော့။ အလိုနည်း အောင် ကျင့်ကြံအားထုတ်ပါတော့။ ကာမဂုဏ်တွေရဲ့ပူလောင်မှုကို အေးငြိမ်းစေပါတော့မင်းကြီး"

သမားတော်လေး၏ တရားနှင့်ယှဉ်သော စကားလုံး များသည် မင်းကြီး၏နားတွင်းသို့ တစိမ့်စိမ့်နှင့် ဝင်ရောက် သွား၏။ တရားဝင်သွားသည်နှင့်အမျှ သောကများကင်းစင် လာလျှင်ပင် မင်းကြီးသည် အမှန်ပင်သိမြင်လာတော့၏။ အနာရောဂါများလည်း ကင်းငြိမ်းလွင့်ပျောက်သွားတော့၏။

www.dhammadownload.com

# စိတ်ကျန်းမာပါစေ

လူဆိုသည်မှာ ခန္ဓာကိုယ်နှင့်စိတ်ပေါင်းစပ်ထားသည့် သတ္တဝါပင်ဖြစ်သည်။ ခန္ဓာကိုယ်သည် ဓာတ်ကြီးလေးပါး (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော)ကို အမာခံထားကာ တည်ဆောက်ထားသည်။ ထိုဓာတ်များမှာလည်း ဖောက်ပြန်ပျက်စီးတတ်သည့်သဘောရှိပေရာ ဓာတ်ကြီးလေးပါးတို့ တစ်မျိုးမျိုးဖောက်ပြန်လေတိုင်း ခန္ဓာကိုယ်ကြီးလည်း ပြောင်းလဲဖောက်ပြန်ရသည်။ မကျန်းမမာဖြစ်ရသည်။ စိတ်ဆိုသည်မှာလည်း ခန္ဓာကိုယ်ကိုမှီတွယ်၍နေရသောကြောင့် ကိုယ်ကျန်းမာရေးချို့ယွင်းလျှင် စိတ်ကျန်းမာရေးလည်း ချို့ယွင်းတတ်ကြသည်။

ကိုယ်ကျန်းမာရေးနှင့် စိတ်ကျန်းမာရေးနှစ်ပါးတို့တွင် စိတ်ကျန်းမာဖို့ ပို၍အရေးကြီးပါသည်။ ကိုယ်ကျန်းမာရေးက

www.dhammadownload.com



မြင်သာထင်သာ ကုစ္ဆလွယ်သော်လည်း စိတ်ကျန်းမာရေးချို့တဲ့လျှင် အကုခက်ပါသည်။ ကိုယ်ကျန်းမာရေးကောင်းသော်လည်း စိတ်ကျန်းမာရေး မကောင်းပါက မည်သည့်ကိစ္စကိုမျှ ပြီးမြောက်အောင်မြင်အောင်မဆောင်ရွက်နိုင်တော့ပါ။ အရှုံးနှင့် တူလာပါတော့သည်။ လူ့လောကတွင် အဆင်ပြေပြေစိတ်ချမ်းချမ်း သာသာနေလိုလျှင် စိတ်ကျန်းမာရေးကိုလည်း ဂရုစိုက်ပြီး ပြုပြင်ပေးရပေမည်။

တစ်ခါက စာရေးသူ၏ဒကာမကြီးတစ်ဦး အကြီး အကျယ် နာမကျန်းဖြစ်ပါသည်။ ဆီးချိုရောဂါ၊ သွေးတိုးရောဂါတို့ အခံရှိနေသည်ကို ဂရုမမူဘဲ အနေအထိုင်အစားအသောက် မှားယွင်းမှုကြောင့် အာရုံကြောလေး ပြတ်ကာ ကိုယ်တစ်ခြမ်းသေသွားသည်။ ရန်ကုန်မြို့ပြည်သူ့ ဆေးရုံကြီးရှိ ဦးနှောက်နှင့် အာရုံကြောဌာနသို့ပို့၍ အတွင်းလူနာအဖြစ် ကုသရပါသည်။ ပြန်သတိရလာသောအခါ စာရေးသူကို အပင့် ခိုင်းသောကြောင့် ဆေးရုံသို့သွားကာ ကြည့်ရှုရပါသည်။ ခုတင်ပေါ်တွင် ပက်လက်ကလေး ဖြစ်နေသော ဒကာမကြီးကိုမြင်ရလျှင် စိတ်ထဲအတော်လေး သနားသွားပါသည်။ သံဝေဂလည်း ဖြစ်မိပါသည်။

ဒကာမကြီးသည်ကျန်းမာစဉ်ကအတော်စိတ်မြန်ကိုယ်မြန်ရှိပါသည်။ သွက်လက်ဖျတ်လတ်စွာ သွားသည်။ လာသည်။ နေထိုင်သည်။ အလှအပလည်း အလွန်ကြိုက်သည်။ သူ့ကိုယ်ပေါ်တွင် အမြဲတမ်း သနပ်ခါးရှိသည်။ အရာရာတွင်လည်း အကောင်းဆုံးကိုသာ ရွေးသုံးခဲ့သည်။

www.dhammadownload.com



ထိုဒကာမကြီးမှာ ခုတော့ ဆန့်ကျင်ဘက်ဖြစ်နေလေပြီ။ သွားချင်လာချင်သော်လည်း မသွားနိုင်တော့။ ထိုင်ရုံထရုံမျှ ကိုပင် ကိုယ်တိုင်မပြုနိုင်သဖြင့် တွဲကာ ထူမပေးနေရသည်။ အမြဲတမ်း ဖြီးသင်ထားသော ဆံပင်ရှည်ကြီးကိုလည်း အလွယ် တကူ ရှင်းလင်းပေးနိုင်အောင် တိုတိုလေးညှပ်ဖြတ်ထားလိုက် ရသည်။ လှလှပပ အဝတ်အစားများနေရာတွင် အင်္ကျီပွ ကျယ်ကျယ်ကြီးနှင့် ဘောင်းဘီရှည်ပွပွကြီးက နေရာယူထား လိုက်လေပြီ။ နေရာတကာ ကိုယ့်စိတ်တိုင်းကျ မဖြစ်တော့ ပါတကား။

မထင်မှတ်ဘဲ ကောက်ကာငင်ကာဖြစ်လာသဖြင့် ဒကာမ ကြီးလည်း အကြီးအကျယ် စိတ်မချမ်းမသာဖြစ်နေ ပုံရပါသည်။ စာရေးသူကိုတွေ့သည်နှင့် မျက်ရည်ကျတော့သည်။ မနိုင့်တနိုင် လက်အုပ်ချီကာ ငိုနေသော ဒကာမကြီးကို စိတ်ချမ်းသာအောင် ဖျောင်းဖျပြောဆိုပေးရပေတော့မည်။

"ဒကာမကြီး၊ အခုလို မကျန်းမာတာမြင်တော့ ဦးပဥ္စင်း လည်း စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကျန်းမာရေးချို့ယွင်းခြင်း (ဗျာဓိ)တရားဟာ ဘယ်သူမဆို ရင်ဆိုင်ကြရတာပဲ။ ခန္ဓာကိုယ် ရယ်လို့ ရလာပြီးရင် ဒီခန္ဓာကိုယ်ရဲ့ ဖောက်ပြန်ပျက်စီးမှုနဲ့ ကျိန်းသေကေန် တွေ့ရမှာပဲ။ ခန္ဓာကိုယ်မကျန်းမာလို့၊ ရောဂါခံ စားရနေလို့၊ သာမန်လူတွေလိုမသွားနိုင်မလာနိုင် မစားသောက် နိုင်လို့ တစ်ပန်းရှုံးရတယ်။ စိတ်မချမ်းသာလို့ စိတ်ကျန်းမာရေးပါ မကောင်းဘူးဆိုရင် နှစ်ခါရှုံးသွားမှာပေါ့။ စိတ်ကျန်းမာရေး တော့ မချွတ်ယွင်းပါစေနဲ့"

www.dhammadownload.com



ဒကာမကြီးသည် ငိုနေရင်းမှာပင် စာရေးသူ၏ စကားကို အသေအချာနားထောင်နေပါသည်။ တစ်စုံတစ်ရာကိုပြန်ပြော ချင်ဟန်ရှိသော်လည်း အသံထွက် မလာပါ။ စာရေးသူကိုသာ အားကိုးတကြီးနှင့် ကြည့်နေရှာပါသည်။

"ကျန်းမာရေးမကောင်းလို့ စိတ်မပျက်ပါနဲ့၊ စိတ်ဓာတ် မကျပါနဲ့။ ဒကာမကြီးလည်း တရားအားထုတ်ဖူးတာပဲ၊ ကိုယ့် တရားကိုကိုယ် နလုံးသွင်းပြီးတော့နေပေါ့။ ကိုယ် မကျန်းမာ ပေမဲ့စိတ်ကျန်းမာဖို့လိုတယ်။စိတ်ကျန်းမာနေရင်အကျိုးမယုတ် ပါဘူး"

စာရေးသူ ဘာဆက်ပြောရင် ကောင်းမလဲဟု စဉ်းစားနေ မိသည်။ ဒကာမကြီးခံစားနေရသော ရောဂါဝေဒနာလည်း အတော်အတန်သက်သာ၊ တရားဘက်ကိုလည်း စိတ်လည် လာစေရန် ပြောမှသင့်မည်။ တရားဘက်စိတ်ရောက်သွား လျှင် သူ့အဖို့ အများကြီးကောင်းသွားမည် မဟုတ်လား။

"ဒကာမကြီးကို ဦးပဥ္စင်းတရားတစ်ပုဒ်ပြောပြမယ်။ ဘုရားရှင်လက်ထက်တုန်းက ရဟန်းတစ်ပါးရှိခဲ့တယ်။ သူက မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းယူပြီး တောထဲသွားပြီးတော့ တရား အားထုတ်တယ်။ တစ်ညမှာ အဖော်ရဟန်း တွေနဲ့ခွဲပြီးတော့ သစ်ပင်ရင်းမှာ တရားမှတ်နေတုန်း ကျားဆွဲခံလိုက်ရတယ်။ ကျားက ကိုက်ချီပြီးယူသွားတုန်း အခြားရဟန်းတွေက လည်း အော်သံကြားလို့ လာကြည့်ကြတယ်ပေါ့။ ဘယ်လိုမျှ မကယ်နိုင်ဘဲ ပါသွားတော့ "ငါ့ရှင် ဒီအချိန်မှာ ကိုယ့်တရားကိုပဲ

www.dhammadownload.com



ကိုယ်အားကိုးပါတော့" လို့ အော်ဟစ်သတိပေးလိုက်ကြတယ်။ ရဟန်းတော်လည်း တရားနှလုံးသွင်းရင်းပဲ ကျားအစားခံလိုက်ရပါတယ်။ ခြေဖျားကနေစပြီးတော့ တဖြည်းဖြည်းစားသွားလိုက်တာ အသက်မသေခင်လေးမှာပဲ ဝေဒနာကိုရှုမှတ်ပြီး တရားထူးတရားမြတ်ကို ရသွားပါတယ်။

"အဲဒီမှာကြည့်မယ်ဆိုရင် အရိုးတွေရော၊ အသားတွေရော ကြွပ်ကြွပ်ဝါးအစားခံရတဲ့ရဟန်းတော်မှာ ဘယ်လောက်တောင် နာကျင်လိုက်မလဲ၊ ခံစားလိုက်ရမလဲ ဆိုတာ ဒကာမကြီးစဉ်းစား ကြည့်ပေါ့။ အခု ဒကာမကြီး ခံစားနေရတာက ခြေတွေလက်တွေ မရွေ့နိုင်တာပဲ ရှိသေးတယ်။ ခုနက ရဟန်းနဲ့စာရင် အများကြီး တော်ပါသေးတယ်။ သက်သာခံသာပါသေးတယ်။ ဆေးကောင်း ဝါးကောင်းတွေနဲ့ကုသနေရမယ့် မကြာခင် ပျောက်သွားမှာပါ။ အသက်လည်း မဆုံးရှုံးနိုင်တော့ပါဘူး"

"ရဟန်းတော်က ဒကာမကြီးထက် အများကြီးပိုပြီး ဝေဒနာခံစားရမှာပဲ၊ ဒါပေမဲ့ သူကအမြတ်ရအောင် ယူသွားတယ်။ သတိထားပြီး ရှုပွားနေတော့ စိတ်ကျန်းမာ နေတယ်လို့ ပြောရမှာပဲ။ ဒါကြောင့် သူဟာ ကြံ့ခိုင်တဲ့စိတ်ဓာတ်နဲ့ ရောဂါ ဝေဒနာတွေကို တွန်းလှန်ပြီးတော့ ရှုမှတ်နိုင်တာပေါ့။ ဒကာမကြီးလည်း ဒါကိုအတုယူပြီး စိတ်ဓာတ်တည်ငြိမ်ခိုင်မာအောင် ကြိုးစားပါ။ စိတ်ကျန်းမာအောင်နေပါ။ ယူတတ်မယ်ဆိုရင် အခုအချိန်က အခွင့်ကောင်းပဲ။ အေးအေးဆေးဆေး ရှုမှတ်အားထုတ်နေပါ"

www.dhammadownload.com



စာရေးသူက ဒကာမကြီးစိတ်ဆင်းရဲမှု၊ စိတ်အားငယ်မှုများ ပျောက်သွားရန် စိတ်ဓာတ်တက်ကြွလာစေရန် သတိပေးပြော ပေးပါ၏။ ဒကာမကြီးလည်း အနည်းငယ်စိတ်ချမ်းသာသွားဟန် တူပါသည်။ အငိုရပ်ပြီး မျက်စိမှိတ်ကာ မှိန်းနေပါသည်။ တရား ရှုမှတ်နေပုံရသဖြင့် စာရေးသူသည် ထပ်မပြောတော့ဘဲ ထိုင် ကြည့်ရင်း စဉ်းစားမိပါသည်။

လူ့သဘာဝမှာ ရောဂါဝေဒနာတစ်ခုရလာလျှင် ပုံကြီးချဲ့ ကာ မြင်တတ်၏။ မိမိသာလျှင် ဒုက္ခအရောက် ဆုံးဖြစ်သည်။ ကျန်လူများ ဤကဲ့သို့မည်သူမှ မခံစားရဟု တွေးပြီး စိတ်ဆင်းရဲ နေတတ်သည်။ ထို့ကြောင့် အချို့သူများခံစားရသည်မှာ သူ့ထက် ဆိုးကြောင်း၊ သူ့ဝေဒနာက လူတိုင်းခံစားရသော သာမန်မျှ သာဖြစ်ကြောင်း နားဝင်အောင် ပြောပေးနိုင်လျှင် သက်သာ သွားတတ်ပါသည်။ စိတ်ခံစားမှုများ လျော့သွားလျှင် ကိုယ်ခန္ဓာ လည်း သက်သာပါသည်။

ခဏကြာလျှင် စာရေးသူလည်း ပြန်ကြွတော့မည်ဖြစ် ကြောင်း စောင့်ရှောက်နေသောသားနှင့် ချွေးမကိုပြောလျှင် သူတို့ကလည်း "ခဏနေပါဦးဘုရား၊ အရှင်ဘုရားရောက်မှ အမေလည်းသက်သာသွားတယ်။ ထပ်ဟောပေး ပါဦး" ဟု ပြောကြပါသည်။ ဒကာမကြီးကလည်း မျက်လုံးဖွင့်ကြည့်လာပါ သည်။ မပီမသနှင့် ဘာပြောနေမှန်း မသိသော်လည်း မပြန် သေးဖို့ ပြောဟန်တူသောကြောင့် ပြန်ထိုင်လိုက်ရင်း ဆက်အား ပေးရပြန်သည်။

www.dhammadownload.com



"ဒကာမကြီးအနေနဲ့ ဒီအချိန်မှာ စိတ်မချမ်းမသာ ဖြစ်မနေဖို့ အရေးကြီးပါတယ်။ စိတ်မချမ်းသာရင် ပိုပြီးတော့ ရောဂါတိုးမှာပေါ့။ ကိုယ်ဖြစ်ချင်လို့မှ မဟုတ်ပဲ သူ့သဘောအတိုင်း သူဖြစ်လာတာကို အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်နိုင်ဖို့ အရေးကြီးပါတယ်။

"ရှေးတုန်းက ဦးတိဿဆိုတဲ့ ရဟန်းတစ်ပါးရှိတယ်။ လူ့ဘဝတုန်းကတော့ လူချမ်းသာပေါ့။ ညီအစ်ကိုနှစ်ဦး အတူစီးပွားရှာရာကနေ သံဝေဂရပြီး သူက ရဟန်းပြု လိုက်တယ်။ ပစ္စည်းဥစ္စာတွေအားလုံးကို ညီကိုပဲ လွှဲပေးလိုက်တယ်။ အားလုံးကို စွန့်ပစ်ပြီးတော့ တရားအား ထုတ်နေပါတယ်။ ဒါပေမဲ့ ခယ်မဖြစ်သူက စိတ်မချဘူး။ ပြန်တောင်းလာရင် ပြန်ပေးရမှာကြောက်လို့ သေချာအောင် လူသတ်သမားတွေငှားပြီး အသတ်ခိုင်းတယ်။

"သတ်ခါနီးမှာ ဦးတိဿက လူသတ်သမားတွေကို ခဏဆိုင်းပေးဖို့ တောင်းပန်ပါတယ်။ တစ်ညလေး တရားအားထုတ်ခွင့်ပေးပါ။ မနက်ဖြန်ကျရင် အသတ်ခံပါမယ်၊ ထွက်မပြေးပါဘူးလို့ အာမခံအနေနဲ့အနားမှာရှိတဲ့ ကျောက်တုံးတစ်တုံး ကောက်ယူပြီး ကိုယ်တိုင်ပေါင်ကို ထုချိုးပါတယ်။ အသားတွေကြေ၊ အကြောတွေပြတ်၊ သွေးတွေယိုစီးကျနေတာကိုဂရုမထားဘဲ ကြိုးစားပြီး တရားကျင့်ပါတယ်။ မနက်လင်းလို့ မသေခင်လေးမှာပဲ လိုချင်တဲ့ တရားထူးရသွားပါတယ်"

ဒကာမကြီးသည် တရားနာရန် စိတ်သန်သူဖြစ်သည်။ ကျန်းမာစဉ်ကတည်းက တရားပွဲများကို ကိုယ်တိုင် လည်းသွား

www.dhammadownload.com



သည်။ တရားတိပ်ခွေများ ဝယ်ယူ၍လည်း နာကြားသည်။ ဝါသနာမပါသူဆိုလျှင် ခုအချိန်မှ တရား အကြောင်းပြောနေ၍ စိတ်ဝင်စားမည် မဟုတ်ပါ။

စာရေးသူက ဒကာမကြီးအကြောင်းကို သိ၍ သူနှစ်သက်သောတရားများကို စိတ်ဝင်စားအောင် ပြောပြပြီး အားပေးရသည်။

"အဲဒီရဟန်းတော် ဦးတိဿက အရှုံးထဲက အမြတ်ထုတ်သွားတယ်။ ပြင်းထန်တဲ့ဝေဒနာတွေကို ခံစားရင်းနဲ့ပဲ တရားရအောင် ယူသွားနိုင်တာ ချီးကျူးစရာကောင်းပါ တယ်။ စံနမူနာလည်းကောင်းပါတယ်။

"အတုယူပြီးကိုယ်တွေကြုံရချိန်မှာတရားတော်တွေကိုလက်တွေ့ကျင့်သုံးနိုင်ဖို့ အားထုတ်ပါ။ အဆိုးဆုံးနဲ့ကြုံရင်တောင် မတုန်လှုပ်ဖို့ အားတင်းပါ။

"ဒကာမကြီးရဲ့ထက်သန်တဲ့စိတ်တွေက ရောဂါဝေဒနာတွေ ပျောက်ကင်းသွားအောင်လည်း အကူအညီ ပေးလာကြပါလိမ့်မယ်။ စိတ်ကျန်းမာအောင် ကြိုးစားပြီး နေပါ"

အတန်ငယ် ကြည်လင်လာသော မျက်နှာအနေ အထားကိုကြည့်၍ ဒကာမကြီးတော့ တော်တော်လေး သက်သာရာရသွားပြီဟု နားလည်လိုက်ပါသည်။ တရားတော်သည် အံ့သြဖွယ်ရှိပေစွ။ ကြားနာရုံပင် အပူစင်စေသည် မဟုတ်ပါလား။

www.dhammadownload.com

# အရှုံးထဲကအမြတ်

အရှုံးအနိုင်ဆိုသည်ကို သာမန်အမြင်အားဖြင့် သတ်မှတ်တိုင်းတာရန် ခဲယဉ်းလှပါ၏။ အများအမြင်တွင် အောင်နိုင်သူတစ်ယောက်ဖြစ်နေပါသော်လည်း အစစ် အမှန်အားဖြင့် ရှုံးနေသူ ဖြစ်ချင် ဖြစ်နေတတ်ပါသည်။ ရှုံးသွားသူဟု ထင်မြင်ရသော်လည်း အမှန်တကယ်တွင် အောင်နိုင်သူဖြစ်ချင်ဖြစ်နေတတ်ပြန်၏။ ထို့ကြောင့် အောင်နိုင်ခြင်း ၊ရှုံးနိမ့်ခြင်းဆိုသည်ကို လောကအမြင်အားဖြင့် တိုင်းတာသည်ထက် တရားဓမ္မဖြင့် တိုင်းတာမှ သာ သေချာနိုင်မည်ဖြစ်ပါသည်။

များသောအားဖြင့် တရားရှိသူနှင့်တရားမဲ့သူ တူညီမှု မရှိကြပါ။ တရားဓမ္မလက်ကိုင်မဲ့သူတို့သည် တစ်စုံတစ်ရာကို လက်လွှတ်ဆုံးရှုံးကြရလျှင် ပူဆွေးဝမ်းနည်းသောက ဖြစ်ကြ၏။ တရားဓမ္မအားကိုးရှိထားသူတို့သည်ကား အကောင်း

www.dhammadownload.com



အဆိုး အမျိုးမျိုးနှင့် ကြုံလာသော်လည်း ထူးထူး ခြားခြား တုန်လှုပ်မှုမရှိကြပါ။ အရှုံးထဲမှပင် အမြတ်ရအောင်ထုတ်ယူသွားနိုင်ကြလေ၏။ ထိုသူတို့ကိုကား မည်သည့်အကြောင်းနှင့်မျှ ရှုံးနိမ့်သူဟု မပြောနိုင်ပါ။ ထာဝရအနိုင်ရသူတို့သာ ဖြစ်ကြပေတော့သည်။

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတိုက် တွင် သီတင်းသုံးတော်မူစဉ်ကဖြစ်သည်။ ထိုအချိန်၌ သာဝတ္ထိပြည်ကို စိုးမိုးအုပ်ချုပ် မင်းလုပ်နေသူကား ကောသလမင်းကြီးပင်ဖြစ်ပါသည်။ ကောသလမင်းကြီးသည် သဒ္ဓါတရားအားကောင်းသော်လည်း ပညာအား နည်းပါးသော မင်းတစ်ပါးဖြစ်၏။ အကျိုးအကြောင်း အဆိုးအကောင်းကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့်စိစစ်လေ့မရှိဘဲ သူတစ်ပါးပြောစကားဖြင့်သာ ဆုံးဖြတ်တတ်ပါသည်။

ထို့ကြောင့်ပင်လျှင်မိမိ၏ကောင်းကျိုး၊ တိုင်းပြည်၏ကောင်းကျိုးကို အစဉ်တစိုက် ဆောင်ရွက်ပေးနေသော အမတ်ကြီးကို အထင်လွဲတော့၏။

အမတ်ကြီးသည်ကား ရိုးသားသူ၊ တရားရှိသူမို့ အရာရာကို မှန်မှန်ကန်ကန်ဆောင်ရွက်၏။ အလုံးစုံသော တာဝန်ဝတ္တရားတို့ကို မခိုမကတ်ထမ်းဆောင်၏။ ရိုးသား ကြိုးစားသူမို့ ကောသလမင်းကြီးကိုယ်တိုင်သဘောကျနှစ်သက်ကာဆုတော်လာဘ်တော်များ မကြာခဏ ပေးသနားပါ၏။

သို့သော် လောကတွင် လူကောင်းရှိသလို လူဆိုးများလည်းရှိ၏။ ရိုးသားသူများရှိသကဲ့သို့ကောက်ကျစ်သူများလည်း အနန္တပင်ဖြစ်၏။

www.dhammadownload.com



မလိုသူတို့ကား အမတ်ကြီး ပျက်စီးရာပျက်စီးကြောင်းကို ကောသလမင်းကြီးအား မကြာခဏ လျှောက်ထားကြ၏။ တစ်ယောက်စီတစ်မျိုး၊ အုပ်စုလိုက်တစ်ဖုံ မဟုတ်မမှန် လုပ်ကြံတိုင်တန်းကြ၏။ ပြောခါစတွင်မင်းကြီးသည်သူတို့စကားကိုမယုံပါ။ များများပြော၊ ကြာကြာပြောလာသော် ဟုတ်နိုးနိုးထင်လာ၏။ ပြောပါများလျှင် ပညာမဲ့သော ကောသလမင်းကြီးသည် ကုန်းချောသော မမှန်စကားများကို အဟုတ်အမှန် ထင်ကာ ရိုးသားသော အမတ်ကြီးအား ရာထူးမှဖယ်ရှားလိုက်တော့၏။ အပြစ်မရှိသော အမတ်ကြီးကို ထောင်သွင်းအကျဉ်းချထား စေလိုက်ပါသည်။

ထင်မှတ်ထားသည်များ၊ ကြံစည်ထားသည်များ ပျက်ပြားသွားတတ်၍ မထင်မှတ်မကြံစည်သည်များ ဖြစ်ပေါ်လာတတ်သည်မှာ လောက၏သဘာဝပင်ဖြစ် သည်။

အမြဲတမ်းကောင်းတာပြုကောင်းတာကြံ၊ကောင်းတာပြောနေသော အမတ်ကြီးမှာ ဤကဲ့သို့သော အဖြစ်ဆိုးမျိုး ကြုံရလိမ့်မည်ဟုမည်သူမျှမထင်ကြ။ သူကိုယ်တိုင်လည်းထင်မထားပါ။ ထင်မထားသော်လည်း အမှန် တကယ်ပင်ဖြစ်ပျက်ခဲ့လေပြီ။ လူရိုးလူကောင်း၊စိတ်သဘောထားကောင်းသောအမတ်ကြီးမှာ ရာထူးအာဏာ များ လက်လွှတ်ပြီး အကျဉ်းထောင်ထဲတွင် ဒုက္ခရောက် နေရပြီဖြစ်သည်။

ကံမကောင်း အကြောင်းမလှ၍ ထောင်ထဲဝင် နေရသော်လည်း အမတ်ကြီး၏ စိတ်အစဉ်မှာ အေးချမ်း ကြည်လင်

www.dhammadownload.com



လျက်ရှိ၏။ သောကဟူ၍ မြူမျှမရှိဘဲ ပကတိ ကြည်လင်နေပါ၏။

တာဝန်ဝတ္တရားများ အားလပ်နေချိန်တွင် မိမိ၏ လုပ်ရပ်များကို အေးအေးဆေးဆေးပြန်ပြီး သုံးသပ်ကြည့် လေသော် မမှန်မကန်လုပ်ဆောင်ခဲ့တာ ဘာတစ်ခုမျှမရှိ။ မိမိ၏ကျေးဇူးရှင် ကောသလမင်းကြီး၏ ပျက်စီးရာပျက်စီး ကြောင်း၊ တိုင်းပြည် အကျိုး ဆုတ်ယုတ်ရာဆုတ်ယုတ်ကြောင်း လုပ်ခဲ့ဖူးတာလည်း မရှိ။ အရာရာတွင်စိတ်ကောင်းစေတနာကောင်းဖြင့်ဆောင်ရွက် ခဲ့သည်များကို တွေးမိကာ စိတ်ချမ်းသာလျက်ရှိ၏။

အများအမြင်တွင် အမတ်ကြီးသည် အရာရာ၌ ဆုံးရှုံး သွားပြီ။ လျှောကျနိမ့်ဆင်းသွားပြီဟု ထင်မှတ်ကြသော်လည်း စင်စစ်အားဖြင့် အမတ်ကြီးသည် မရှုံးခဲ့ချေ။ ရှင်လန်းအားရ တက်ကြွနေပါသည်။

မလိုသူတို့က အမတ်ကြီးဒုက္ခရောက်နေချေပြီဟုထင်မှတ် ကြသော်လည်း အမတ်ကြီးမှာ စိတ်ရောကိုယ်ပါ ချမ်းသာ လျက်ရှိ၏။ ရိုးသားဖြူစင်သောမိမိ၏အကျင့်သီလ၊ လူတကာက လေးစားရသော မိမိ၏ သိက္ခာတို့ကို အကြောင်းပြု၍ စိတ်တည် ကြည်အေးချမ်းမှုကို ရနေသော အမတ်ကြီးသည် သင်္ခါရ တရားတို့ကို ရှုမြင်သုံးသပ်လိုက်လျှင် ထောင်တွင်း၌ တရား သိမြင်ကာ သောတာပန် ဖြစ်သွားတော့၏။

ယူတတ်သူအတွက် အရှုံးထဲက အမြတ်ထွက်လာခဲ့ လေပြီ။ ရာထူးအာဏာ ဥစ္စာပစ္စည်းတို့ ဆုံးရှုံးရသည်ဟု ဆို

www.dhammadownload.com



စေကာမူ တရားဓမ္မကို အမြတ်ထုတ်ယူနိုင်ပြီမို့ အမတ်ကြီး အတွက် ထောင်ကျရသည်ကို အရှုံးဟု မဆိုနိုင်တော့ပါ။ တရားအားထုတ်ဖို့စိတ်အေးချမ်းသာစွာ အနားပေးသလိုဖြစ်ရ သည်မို့ အားလုံးကို ကျေးဇူးတင်နေ၏။ မကြာခင်တွင် မင်းကြီးသည် အဖြစ်မှန်ကိုသိရှိလာသောအခါ အမတ်ကြီး၌ အပြစ်မရှိသည်ကို သိလာသည်။ ချက်ချင်းပင် ထောင် တွင်းမှထုတ်စေပြီး ရှေးကထက် သာလွန်သော စည်းစိမ် ချမ်းသာတို့ကို တိုးမြှင့်ပေးသနား တော်မူလိုက်ပါသည်။

မြွေမှန်လျှင် တွင်းဝင်ဖြောင့်သကဲ့သို့ သူတော်ကောင်းမှန် လျှင် ဒုက္ခမရောက်သည့်အကြောင်းကား အထင်အရှား ပြခဲ့လေပြီ။ စည်းစိမ်သုခများ တိုးပွားလာသောအမတ်ကြီးသည် ထောင်မှလွတ်လျှင် ပန်းနံ့သာ များလက်ကိုင်စွဲကာ မြတ်စွာ ဘုရားထံသို့ သွားရောက်၏။ ရှိခိုးဦးချပြီး သင့်တော်ရာ၌ နေလေ၏။

“ဒါယကာ၊ သင့်အားအကျိုးမဲ့ဖြစ်သည်ဟု ကြားမိပါ၏”

“မြတ်စွာဘုရား၊ အကျိုးမဲ့ကား ဖြစ်ခဲ့ပါသည်။ သို့ပါသော် လည်း အကျိုးမဲ့ထဲမှ အကျိုးတရားများ ဖြစ်ပေါ်ခဲ့ပါသည်ဘုရား။ ထောင်ထဲမှာပင် သောတာပန်အဖြစ်ကို ရခဲ့ပါသည် မြတ်စွာ ဘုရား”

“ဒါယကာ၊ သင်သည်သာလျှင် အဆိုးထဲက အကောင်းကို ထုတ်ယူနိုင်သည်မဟုတ်သေးပါ။ ရှေးပညာရှိတို့လည်း အရှုံးထဲမှ အမြတ်ကို ထုတ်ယူရရှိခဲ့ဖူးပါ၏”

www.dhammadownload.com



"မြတ်စွာဘုရား တပည့်တော်အမြတ်ထုတ်ယူခဲ့သလို ရှေးပညာရှိတို့ ဘယ်လိုအမြတ်ရအောင် ယူနိုင်ခဲ့တယ် ဆိုတာ သိလိုပါသည်ဘုရား၊ တပည့်တော်ကို သနားစောင့်ရှောက်ချီးမြှောက်သောအားဖြင့် ဟောပြတော်မူပါ မြတ်စွာဘုရား"

အမတ်ကြီးသည် သူ့ကိုယ်တွေ့ဖြစ်ရပ်ကိုကား ကိုယ်တိုင် သိပြီးလေပြီ။ ရှေးပညာရှိသူတော်ကောင်းတို့၏ စိတ်နေစိတ်ထား သဘောထားကို ကြည်ညိုလို၊ သိရှိလိုသဖြင့် တောင်းပန်လျှောက်ထားလျှင် မြတ်စွာဘုရားရှင်က အတိတ်အကြောင်းကို ဆောင်တော်မူကာ သေယျဇာတ်တော်ကို ဟောကြားတော်မူပါသည်။

မြတ်စွာဘုရားလောင်းတော်ဗာရာဏသီပြည်ကြီးတွင်မင်းပြုစဉ်ကဖြစ်၏။ မင်းကြီးသည် မင်းကျင့်တရား တို့ကို မဖောက်ပြား မကျူးလွန်ဘဲ တိုင်းပြည်ကို အုပ်ချုပ်၏။ ပေးကမ်းစွန့်ကြဲမှု၌ မွေ့လျော်၏။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ တည်မြဲစေကာ ကိုယ်ကျင့်သီလကို ထိန်းသိမ်း၏။ ဥပုသ်တည်မြဲစေကာ ကိုယ်ကျင့်သီလကို ထိန်းသိမ်း၏။ ဥပုသ်သီတင်းစောင့်သုံးကာ သူတော်ကောင်းတရားများကိုအမြဲတမ်းပွားများအားထုတ်လေ့ရှိ၏။ မင်းကြီးကို အတုယူကာ မှူးကြီးမတ်ရာ သေနာပတိမှစ၍ မင်းမှုထမ်းအားလုံးတို့သည်လည်း တရားဓမ္မကို မြတ်နိုးတန်ဖိုးထားကျင့်သုံးကြပါ၏။

သို့သော်လည်းအမတ်တစ်ယောက်သည်ကားအများနှင့်မတူတစ်မူထူးခြားလေသည်။အကျင့်သီလစောင့်ထိန်းမှုမရှိချေ။

www.dhammadownload.com



လစ်ရင်လစ်သလိုခိုးဝှက်၏။ လာဘ်စား၏။ အဂတိလိုက်စား၏။ မတရားကျင့်ကြံ တတ်၏။

အဖြူထဲမှ အမည်းကဲ့သို့ သူ့လုပ်ရပ်များ၊ အမူအကျင့်များ ထင်ရှားလာသောအခါ အမတ်များက မင်းကြီးအား အရေးယူပါရန် တိုင်ကြားကြတော့သည်။ အသေအချာ စစ်ဆေးလျှင် သူ၏မကောင်းမှုများ ထင်ရှား ပေါ်လွင်လာသော ကြောင့် မင်းကြီးကိုယ်တိုင် ရာထူးမှ ချကာ နှင်ထုတ်လိုက်လေတော့သည်။

အမတ်ယုတ်သည် တိုင်းတစ်ပါးသို့သွားကာ ဓဂ်မင်းအား ခစား၏။ အဆင့်ဆင့်ရာထူးတိုးတက်ပြီး မင်းနှင့် အကျွမ်းဝင်သောအခါ မိမိနေခဲ့သော ဗာရာဏသီပြည်ကြီး ကို တိုက်ခိုက်သိမ်းယူရန် အကြံပေး၏။ မိမိကောင်းစားရေးအတွက် တိုင်းပြည်နှင့်လူမျိုးကို သစ္စာဖောက်ရန် ဝန်မလေးသော လူယုတ်မာအမတ်ကြီးသည် အလွယ်တကူ သိမ်းနိုင်ကြောင်း အတန်တန်လျှောက်တင်၏။ ဓဂ်မင်းသည်ကား ဗာရာဏသီပြည့် ရှင် ဃဋမင်းကြီး၏ ဖြောင့်မတ်ပုံ၊ သစ္စာရှိပုံ၊ သတ္တိရှိပုံတို့ကို ကြားသိထား၍ တိုက်ခိုက်ရန် မဝံ့ရဲချေ။

"အမတ်ကြီး၊ ဗာရာဏသီပြည်ဟာ အလွန်ကြီးမား တယ်။ စစ်သည်ဗိုလ်ပါအင်အားများတယ်။ အလွယ်နှင့် တိုက်ယူရန် မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်"

"မင်းကြီး၊ မစိုးရိမ်ပါနှင့်။ ကျွန်တော်မျိုး အာမခံပါ တယ်။ အလွယ်တကူနဲ့ မပင်မပန်းဘဲ တိုက်ခိုက် သိမ်းပိုက်နိုင် ပါတယ်"

www.dhammadownload.com



"အမတ်ကြီး၊ သင်ဟာ ငါ့ကို ဒုက္ခရောက်အောင် အကွက်ဆင်နေတာလား၊ ဗာရာဏသီမင်းရဲ့လူယုံတော် သူလျှိုများလား၊ လှည့်စားနေတာလားအမတ်ကြီး"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုး သူလျှိုမဟုတ်ပါ။ ကျွန်တော်မျိုးရဲ့စကားမှန်မမှန်သိရအောင် တိုင်းစွန်ပြည်ဖျားကို အရင်ဆုံးတိုက်ခိုက် သိမ်းယူကြည့်ပါမင်းကြီး"

ဓင်္ကမင်းသည် ပြည်ပြေးအမတ်၏ အကြံပေးချက် အတိုင်း ဗာရာဏသီပြည်၏ နယ်စပ်အစွန် အဖျားအရပ်ကို တိုက်ခိုက် သိမ်းပိုက်စေ၏။ ဗာရာဏသီမင်း၏စစ်တပ်သည် ကျူးကျော်လာသူတို့အား တိုက်ခိုက်ချေမှုန်းကာ ဖမ်းဆီးရမိသူတို့အား တရားရှင် ဃင္ဃမင်းကြီးအား ဆက်သကြ၏။

မင်းကြီးက အပြစ်မယူဘဲ ပြောဆိုဆုံးမပြီး စားနပ် ရိက္ခာ ပေးကာ ပြန်လွှတ်လိုက်ပါသည်။ စားဝတ်နေရေး အခက် အခဲရှိပါက အချိန်မရွေး လာရောက်တောင်းခံနိုင်ကြောင်း၊ အပြစ်မဲ့သူတို့အားညှင်းပန်းနှိပ်စက်မှု မပြုသင့်ကြောင်းလည်း ပြောဆိုဆုံးမလေသည်။

ထိုသူတို့သည် ဓင်္ကမင်းထံသွား၍ အကြောင်းစုံကို လျှောက်ထားကြ၏။

ဃင္ဃမင်းကြီးစိတ်သဘောထားနူးညံ့ပုံ၊ စစ်မက်ရေး ရာ၌ စိတ်မဝင်စားဘဲ တရားဓမ္မရေးရာသာ နှလုံးသွင်းပုံတို့ ကို ပြောကြားသော်လည်း ဓင်္ကမင်းသည် ဗာရာဏသီပြည်ကို

www.dhammadownload.com



တိုက်ခိုက်သိမ်းပိုက်ရန် မရဲဝံ့သေးချေ။ ထပ်မံစမ်းသပ်သည့်အ နေဖြင့်သာ တိုင်းပြည်အတွင်းပိုင်း အထိ ဝင်ရောက်တိုက်ခိုက် စေပြန်၏။ ထိုသူတို့ကိုလည်း ဖမ်းဆီး ကာ မင်းကြီးထံသို့ ပို့ ပြန်လျှင် ရေးနည်းအတိုင်းသာ စားနပ်ရိက္ခာပေးပြီး ပြန်လွှတ် လိုက်ပြန်ပါသည်။

တစ်စတစ်စနှင့် ရဲတင်းလာသော ဓင်္ဂမင်းသည် စစ်သည် ဗိုလ်ပါ အင်အားများစွာ စုစည်းပြီး ဗာရာဏသီ ပြည်ကြီးကို သိမ်းယူရန် စစ်ချီတက်သွား၏။ လမ်းတစ်လျှောက်ရှိ မြို့ရွာများ အားလုံးကို သိမ်းယူပြီး နန်းတော်အနီးတွင် တပ်စွဲကာ နေရာယူ ထားလိုက်၏။

သို့သော် ဃဋမင်းကြီးသည် ရန်သူတို့အားထွက်၍မတိုက်။ နစ်ဖက်သောစစ်သည်များ သေကျေဒုက္ခရောက်ကြမည် စိုး သောကြောင့် ရန်သူတို့အား တိုက်ခိုက်မည့် မိမိ၏စစ်သည် သူရဲကောင်းတို့အား တန်ပြန်တိုက်ခိုက်ခွင့်မပြုဘဲ တားဆီးထား လေသည်။ တိုင်းပြည်ကိုအလိုရှိပါက အသာတကြည်ပေးလိုက် မည်။ လူသားအချင်းချင်း ရက်စက်စွာသတ်ဖြတ်ခြင်းကို မဖြစ် စေလို၍ စစ်ပွဲကို ရှောင်လွှဲနေခြင်းဖြစ်ပါသည်။

ဓင်္ဂမင်းသည် ခုခံသူမရှိဘဲ အလွယ်နှင့်အနိုင်ရလာ သော အခါနန်းတော်ကိုဝိုင်းရံထားရာမှ "တိုင်းပြည်ကိုအပ်မည်လော၊ စစ်ထိုးမည်လော" ဟုရာဇသံပို့တော့သည်။ သူရဲကောင်းများက တိုက်ခိုက်မည်ပြုရာ ဃဋမင်းသည် ခွင့်မပေးဘဲ မြို့တံခါးကို

www.dhammadownload.com



ဖွင့်စေ၍ ပလ္လင်ထက်၌ အေးချမ်း စွာနေရင်း တိုင်းပြည်ကို ရန်သူလက်သို့အပ်လိုက်ပါသည်။ ခင်္ဂမင်းလည်း ထီးနန်းကို အလွယ်တကူ သိမ်းယူပြီး ယင်္ဂမင်းထွက်မပြေးနိုင်ရန် ထိတ်တုံး ခတ်ကာ အကျဉ်းချထားလိုက်၏။

လောကအမြင်အားဖြင့်ကြည့်လျှင် သူတော်ကောင်း ဖြစ်သော ဗာရာဏသီပြည့်ရှင်သည် ရှုံးနိမ့်သွားရလေပြီ။ ထီးနန်း စည်းစိမ်ကိုလည်း စွန့်လိုက်ရပြီ။ ကိုယ်တိုင်လည်း ထောင် တွင်း၌ အကျဉ်းစံနေရပြီ။ ဒုက္ခရောက်နေရပြီဟု ထင်မှတ် စရာရှိပါသည်။ သို့သော် ဗာရာဏသီပြည့်ရှင် ယင်္ဂမင်းကြီး သည် တွေ့ကြုံနေရသော ဆင်းရဲဒုက္ခ မှန်သမျှကို ဒုက္ခဟူ၍ အမှတ်မထား။ သတ္တဝါများ သေကျေပျက်စီး ဒုက္ခရောက်ရမည့် အဖြစ်မှ ကယ်တင်နိုင်သည်ဟု ပီတိသောမနဿပွားနေသည်။

မိမိ၏တိုင်းပြည်ကိုလုယက်၍မိမိအားအကျဉ်းချထားသည့် ရန်သူမင်းကိုလည်း အမျက်မထွက်၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာ ပါစေဟုပင် မေတ္တာပွားများကာ ချမ်းသာစွာနေလေသည်။

ကိုယ်ဆင်းရဲသော်လည်း စိတ်ချမ်းသာနေသော မင်းကြီး သည်သတ္တဝါအားလုံးအပေါ်ကောင်းကျိုးချမ်းသာလိုလားသည့် မေတ္တာစိတ်ကို ဖြန့်ကြက်ဆင်ခြင် ရှုမှတ်လိုက်လျှင် ထောင် ထဲ၌ပင် မေတ္တာဈာန်ကို ကောင်းစွာရသွားပါတော့သည်။ အနှောင်အဖွဲ့များ ကောင်းစွာလွတ်ကင်း၍ ဈာန်သမာပတ်

www.dhammadownload.com



ချမ်းသာနှင့် အေးချမ်းစွာနေရပါတော့သည်။ ဇာရာဇာသီမင်းသည်ကား အရှုံးထဲမှ အမြတ်ကိုပင် ရရှိသွားပြီး အောင်နိုင်သူတစ်ယောက် ဖြစ်သွားရလေပြီ။

စစ်ပွဲကြီးကိုအောင်နိုင်သွားသည့် ဓဂံမင်းသည်ကား အောင်နိုင်မှုကိုရသော်လည်း အေးချမ်းစွာမနေရ၊ မနေနိုင်ပါ။ သူတော်ကောင်းကို ပြစ်မှားမိသည်မို့ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်အောင် ပူလောင်မှုကို ခံစားရ၏။ စည်းစိမ် ချမ်းသာတို့ကိုခံစားကာ အိပ်စက်သော်လည်း အိပ်မပျော်။ အိပ်မက်ဆိုးများခြောက်လှန့်ခံရ၍ လန့်နိုးကာ ကြောက်လန့်တုန်လှုပ်နေရသည်။ ကိုယ်ရောစိတ်ပါ ဆင်းရဲနေရပါသည်။ မည်သို့မျှ အေးချမ်းအောင်ပြု၍ မရသောအခါ ပညာရှိအမတ်တို့အား မေးမြန်း၏။ သီလရှိသော၊ စိတ်ထား ကောင်းသော တရားဓမ္မရှိသော ဃဋ္ဋမင်းကို ပြစ်မှားမိ၍ ဖြစ်ရကြောင်းသိရလျှင် ညတွင်းချင်းပင် အကျဉ်းထောင် တွင်းသို့ လိုက်သွားတော့သည်။

ဓဂံမင်း၏အထင်တွင်ကား ဇာရာဇာသီမင်းသည် ဆင်းရဲဒုက္ခရောက်နေလိမ့်မည်။ ညှိုးနွမ်းကာ ဆင်းရဲနေလိမ့်မည်ဟု ထင်မှတ်ထား၏။ သို့သော် အကျဉ်းခန်းထဲတွင် မြင်ရသော နန်းကျဘုရင်သည်ကား မိမိထင်သလို မဟုတ်။ ရှိသမျှစည်းစိမ်အားလုံး လက်လွှတ်ဆုံးရှုံးသွားရသော်လည်း သောကဟူ၍ မြူပင်မရှိ။ တည်ငြိမ်အေးချမ်းစွာရှိနေသည့် ဃဋ္ဋမင်းကို မြင်ရလျှင် တအံ့တသြ မေးမြန်းပါတော့သည်။

www.dhammadownload.com



အမြင်မှန်ရလာသော ဓဂ်မင်းသည် ဗာရာဏသီပြည်ကြီးကို ပြန်လည်အပ်နှံကာ ဗာရာဏသီမင်းအား မင်း အဖြစ်ကို ပြန်လည်ပေးအပ်၏။ မင်းကြီး၏ရန်သူဖြစ်သော ကျေးဇူးကန်းသည့် အမတ်ယုတ်ကိုလည်း မင်းပြစ် မင်းဒဏ်တို့ကို ချမှတ်လေ၏။ ပြီးလျှင် မိမိတိုင်းပြည်သို့သာ တပ်ဆုတ်ထွက်ခွာသွားကြတော့သည်။ နောက်ဆုံးတွင် ဓမ္မနှင့် အဓမ္မအားပြိုင်ကြရာ၌ ဓမ္မကသာ အောင်ပွဲခံအနိုင်ရသွားပါသည်။ ဓမ္မကသာ အရာရာတွင် အောင်နိုင်မှုကို ရရှိသွားပါတော့သည်။

ထီးနန်းစည်းစိမ်ကို ပြန်လည်ရရှိသော ယင္ဓမင်းကြီးသည် ထီးဖြူအောက်ရှိ ရာဇပလ္လင်တွင်နေလျက် အသက်ဘေးမှ လွတ်လာကြသော သူရဲကောင်းအမတ်တို့အား တရားဓမ္မဟောကြားလေသည်။ မြတ်သော ကုသိုလ်တရားရှိထားသောသူသည် ကုသိုလ်တရားကိုမှီဝဲကျင့်သုံးသည်ဖြစ်၍ မြင့်မြတ်သောသူဖြစ်လာ၏။ လောကလူအပေါင်း နှင့်မခွဲမခြားတသားတည်းသာ မေတ္တာထားသောသူသည် သေလွန်သောအခါ နတ်ပြည်၊ ဗြဟ္မာပြည်သို့ လားရောက်ရ၏။ "သင်တို့သည်လည်း မမေ့မလျော့ ကုသိုလ်တရားကို ပွားများကြလော့" ဟုပြောဆိုဆုံးမပြီးလျှင် ထီးနန်းစည်းစိမ်ကိုစွန့်ကာ ဟိမဝန္တာသို့ ဝင်ရောက်ပြီး ရသေ့ရဟန်းပြုလေတော့သည်။ ဈာန် သမာပတ်တို့ကို မပြတ်ပွားများစေကာ သေလွန်သောအခါ ဗြဟ္မာပြည်သို့ လားလေတော့၏။

www.dhammadownload.com



သောကကင်းသော ဃဋမင်းသည် ရန်သူဝင်မင်းအား မေတ္တာတရား၏အစွမ်းသတ္တိနှင့် သတ္တဝါများအား မေတ္တာထားသင့်ကြောင်း၊ နိုပ်စက်ကလူပြုမှုကို ရှောင်ကြဉ်ပြီး ကုသိုလ်တရားများကို ကြိုးစားအားထုတ်သင့်ကြောင်း တရားပြကာ ပြောကြားပါသည်။

တရားရှိသူတို့သည်ကား အရှုံးနှင့် ရင်ဆိုင်ရသော် လည်း အရှုံးကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး အမြတ်ထုတ်ယူနိုင် ကြ၏။ သောကရောက်စရာနှင့် ကြုံလာသောအခါ လောကရေးရာမှာလည်းရှုံး၊ ဓမ္မရေးရာမှာလည်းရှုံး၊ နှစ်ခါရှုံး မဖြစ်ကြရအောင် သောကအဖြစ်မခံဘဲ တရားဓမ္မ နှလုံးသွင်းကာ အရှုံးထဲမှ အမြတ်ထုတ်ယူဖို့ သင့်ပါသည်။ သောကအဝင်မခံဘဲ ဓမ္မအမြင်ဖြင့် ရှုမြင်သုံးသပ်ကာ အမြတ်ထုတ်နိုင်ရန် ဗုဒ္ဓမြတ်စွာက တရားနာပရိတ်သတ်တို့အား ဟောကြားဆုံးမ၍ ဇာတ်တော်ကို ပေါင်းတော်မူပါတော့သည်။

**ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ**

ဓမ္မဒူတတောရသာသနာ့ရိပ်သာ
ဟံသာဝတီဂေါက်ကွင်းအနီး၊
ဆယ်မိုင်ကုန်း၊ ပဲခူးမြို့။
ဖုန်း – ၀၉ – ၈၆၅၁၀၉၉၊ ၀၉ – ၅၁၀၄၆၆၉